www.burmeseclassic.com

# တစ်သက်လုံးဖုံးသမျှ

BURMESE CLASSIC .com

သိပ္ပံစိုးလှ

အပြင်၌ မိုးတစိမ့်စိမ့် ရွာ၍နေလေရာ ကျွန်တော်တို့ နှစ်ယောက် သောက်၍နေသော တရုတ်ဆေးစိမ်အရက်ကို ပို၍အရသာရှိအောင် ဖန်တီးပေးသကဲ့သို့ ရှိလေ၏။ ကျွန်တော့်အဖော်ကား အခြားသူမဟုတ်။ ဘကြီးဘိုးပြေ့ဖြစ်၏။ တနင်္ဂနွေနှစ်ပတ်လျှင် နှစ်ကြိမ်သုံးကြိမ်လောက် ကျွန်တော်နှင့် ဘကြီးဘိုးပြေ့တို့သည် တရုတ်လောရှုတ်၏ တိတ်တိတ်ပုန်းအရက်ဆိုင်တွင် ကျွန်တော်တို့အတွက် စပယ်ရှယ် တရုတ်ဆေးစိမ်ထားသောအရက်ကို သောက်လေ့ရှိကြ၏။

ဘကြီးဘိုးပြေ့ကား အသက်ခြောက်ဆယ်ကျော်လေပြီ။ သို့ရာတွင် သူကြိုက်တတ်သော အရက်ကိုကား အလျှော့မပေးသေးချေ။ ဝါသနာတူဖြစ်သော ကျွန်တော်နှင့် လေပေးဖြောင့်သောကြောင့် ယစ်မျိုးရာဇဝင်အုပ်ကိုစံကျော်၏ အမိန့်အရ တိတ်တိတ်ပုန်းခိုးရောင်းသော မြို့အစွန်ရှိ လောရှုတ်၏ ဆေးစိမ်အရက်ကို အတူသောက်ရင်း ဘကြီးပြေ့၏ ရှေးဟောင်းနှောင်းဖြစ်ကလေးများကို နားထောင်ရသည်မှာ ယခုကဲ့သို့ မိုးဦးကျညနေပိုင်း၏ ဇိမ်တစ်မျိုးပင်ဖြစ်တော့သည်။

မိတ်ဆွေတို့ လောရှုတ်၏ 'စပယ်ရှယ်'ကို ကျွန်တော်တို့မြို့ကလေးသို့ ရောက်သည့်အခါ မြည်း၍ကြည့်ကြစမ်းပါ။ ဝါရင့်ပြီးသော ဘကြီးပြေ့နှင့် ကျွန်တော်တို့ နှစ်ယောက်သည်ပင်လျှင် တစ်ပိုင်းကုန်သောအခါ ရေချိန်ကိုက်၍ လာကြပါပြီ။ လောရှုတ်သည် မိုးရွာနေသဖြင့် လူပါးသောကြောင့် ထောင့်တစ်ထောင့်ရှိ ခွေးခြေပေါ်၌ထိုင်ပြီး ဝါးလုံးဆေးတံကြီးကို တဂွပ်ဂွပ်နှင့်ရှူရင်း ပြည်သူ့ဒီမိုကရေစီအစိုးရ တည်ထောင်ပြီးဖြစ်သော တရုတ်ပြည်သစ်အကြောင်းကို တွေး၍နေဟန်ရှိ၏။ ထိုအခိုက် ဆိုင်ရှေ့ပေတစ်ရာပေါ်၌ မှုန်မွှား ညနေဆည်းဆာတွင် ခမောက်အကြီးကြီးတစ်ခုကို နှစ်ယောက်အတူတူဆောင်းပြီး မိုးကိုရမယ်ရှာကာ တစ်ယောက်ခါးတစ်ယောက်ဖက်၍ လျှောက်သွားသော လုံမပျိုတစ်ယောက်နှင့် လုလင်ပျိုတစ်ယောက်ကို ကျွန်တော်တို့ မြင်လိုက်ကြရာ ဘကြီးပြေ့က ပြုံးဖြီးဖြီးလုပ်ရင်း...။

"အင်း ဒီလိုဟာကလေးတွေတွေ့တော့ တို့ငယ်ငယ်က တွေ့ဖူးကြားဖူးတာကလေးတွေ သတိရသေးတော့ကွယ်" ဟု ပြောကာ ဖန်ခွက်ကိုယူပြီး မော့လိုက်ပါသည်။ ကျွန်တော်လည်း ထိုဒီဂရီတွင် ရှေးဟောင်းနှောင်းဖြစ်ကလေးများကိုပြောလေ့ရှိသော ဘကြီးပြေ့၏ အကြောင်းကို သိရှိထားရာ...။

"ပြောပါဦး ဘကြီးပြေ့ရဲ့။ ဘကြီးပြေ့ ကြားဖူး၊ တွေ့ဖူးတာကလေးတွေကို အပျင်းပြေနားထောင်ရအောင်" ဟု အားပေးလိုက်ရာ အောက်ပါအတိုင်း အဘိုးကြီးက ပြောပြပါတော့သည်။

"ဒီလိုကွဲ့ ဒီလို။ တို့အသက် နှစ်ဆယ်ကျော်လောက်တုန်းက အနောက်ဘက် ရှားတောချောင်းကမ်းဘေးက လင်းလွန်းပင်ရွာမှာ သူငယ်တစ်ယောက်ရှိတယ်။ (လင်းလွန်းပင်မှာ ကျွန်တော်တို့မြို့နှင့် လေးမိုင်ခန့်ဝေးပါသည်) သူက အဲဒီအခါတုန်းက ရွာမှာ ကြေးရတတ်တဲ့သူများရဲ့

www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်ပြီး ညီအစ်ကိုမောင်နှမမရှိဘူး။ နာမည်ကတော့ မောင်ဘိုးသာ ထားကြပါစို့ကွာ။ အလုပ်အကိုင်ကတော့ အဲဒီချောင်းကမ်းနံဘေးတစ်လျှောက်မှာ ကြံခင်းကြီး အကြီးအကျယ်လုပ်ပြီး ကြံဖောက်သည် ပေးတာပဲ။ အတော်ကလေးလည်း စီးပွားဖြစ်ပါတယ်။ သူငယ်က အလုပ်အကိုင်လည်း ကောင်း၊ ရိုးလည်းရိုးတယ်။ ပစ္စည်း ပစ္စယကလေးနဲ့ဆိုတော့ လိုချင်တဲ့ မိန်းမတွေ အပုံပေါ့ကွယ်။ ဒါပေမဲ့ မိဘတွေက ပေးစားချင်တာတောင် သူကမိန်းမလိုချင်စိတ် မရှိသေးဘဲ အလုပ်ကိုပဲ ကြိုးစားပြီး လုပ်နေတယ်။

ဒါနဲ့ ဆိုကြပါစို့ကွယ်၊ တစ်နေ့တော့ ကြံခင်းကို လျှောက်ကြည့်ရင်းနဲ့ ရွာနဲ့တော်တော်ဝေးတဲ့ တောစပ်ကလေးကို ရောက်သွားတယ်။ အချိန်ကလည်း နေဝင်ခါနီးနေပြီ။ တောစပ်ကလေးရောက်တော့ "အမယ်လေး" လို့ မိန်းကလေးအော်သံတစ်ခုကို ရုတ်တရက်ကြားလိုက်ရပြီး ဟိတ်သွားတော့ မောင်ဘိုးသာလည်း လက်ထဲမှာပါတဲ့ ဝါးရင်းတုတ်ကို တင်းတင်းကျပ်ကျပ်ဆုပ်ပြီး အသံကြားရာဘက်သို့ ပြေးသွားသတဲ့။ တော်တော်ကလေး ပြေးမိတော့ လား... လား... မိန်းကလေးတစ်ယောက် မြေပေါ်မှာ တုံးလုံးလဲနေတာ တွေ့ရသတဲ့။ ပထမတော့ မောင်ဘိုးသာဟာ မိန်းကလေးပဲ သတိထားပြီး မြင်ရတာပေါ့။ နောက်အနီးအပါးကို ကြည့်လိုက်တော့ မိန်းကလေးနဲ့ တစ်လံကျော်ကွာလောက်မှာ မြွေဟောက်ကြီးတစ်ကောင် ပါးပျဉ်းကြီးထောင်လျက်သားနဲ့ တွေ့ရသတဲ့။ ဒီတော့မှ မောင်ဘိုးသာလည်း အဲဒီမြွေကြီးကိုလန့်ပြီး မိန်းကလေးအော်တာပဲ ကိုးလို့ တွေးမိပြီး သူ့ဝါးရင်းတုတ်ကြီးနဲ့ မြွေကို တီးလိုက်တာ မြွေလည်း သေသွားပါလေရော။ နောက် ခြေကိုင်ရမလို၊ လက်ကိုင်ရမလိုနဲ့ မိန်းကလေးဖြစ်နေတော့ သူလည်း အူကြောင်ကြောင် ဖြစ်နေတာပေါ့ကွာ။ နေကလည်းဝင်ပြီ။ မှောင်တော့မလိုဖြစ်နေပြန်တော့ နောက်ဆုံးမှာ မိန်းကလေးအနားကိုသွားပြီး ပွေ့ထူလုပ်ရတော့တာပေါ့ကွာ။ သူ့ကိုယ်ငွေ့ကြောင့်လားမသိ ကောင်မလေးဟာ သူ့ရင်ခွင်ထဲရောက်ကရော သတိပြန်ရလာပြီး မျက်လုံးကလေး ကလယ်ကလယ်ဖြစ်နေရှာသတဲ့။ ဒါနဲ့ တိုတိုပြောကြပါစို့ကွာ မိန်းမပျိုကလေးဟာ တခြားကမဟုတ်ဘူး၊ စည်ပင်သာရွာက လယ်ပိုင်ရှင် ဦးထွန်းဦးရဲ့သမီးကလေး မယ်မြင့်လို့ သိရတာနဲ့ သူ့ရွာကလည်း မနီးမဝေးမို့ လိုက်ပို့လိုက်ရတယ်။ ဟင်းရွက်ခူးလာရင်း မြွေဟောက်နဲ့တွေ့ပြီး လန့်သွားတာဆိုကိုးကွ။

"တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုသလိုပေါ့ကွာ။ မောင်ဘိုးသာလည်း အဲဒီမယ်မြင့်ကို ပွေ့လိုက်ရတာနဲ့ နုံးချည့်နုံးချည့်ဆိုတဲ့အတိုင်း မယ်မြင့်ကလည်း အပွေ့ခံရတာနဲ့ပဲ ကူလီ ကူမာတွေ ဖြစ်ကြတော့တယ်ထင်ပါရဲ့။ နောက်ဆုံး... လူကြီးချင်းတွေလည်း တစ်ယောက်တစ်ယောက် ငြင်းစရာမရှိသူတွေဖြစ်ပြီး မယ်မြင့်တို့အိမ်ကို မောင်ဘိုးသာဟာ ဝင်လိုက်ထွက်လိုက်နဲ့ သူတို့နှစ်ယောက်ကို ပေးစားမလို့ ရက်တွေဘာတွေ ချိန်းလိုက်ရတာပေါ့ကွာ"

"မောင်ဘိုးသာဟာ မယ်မြင့်တို့အိမ်ကို သွားသွားနေတော့ မယ်မြင့်မှာ မယ်တင့်ဆိုတဲ့ ညီမတစ်ယောက်ရှိသေးတယ်ဆိုတာ သိထားတယ်။ အဲဒီမယ်တင့်ဟာလည်း ပြည်မြို့က အရီးတော်တစ်ယောက်ဆီကိုသွားပြီး ကူဖော်လောင်ဖက်ဆိုသလို သွားနေတယ်ဆိုတာ သိရတယ်။ မယ်မြင့်ဟာ မပြုမပြင် နဂိုယဉ်မိန်းမချော မိန်းမလှကလေးဆိုတော့ မောင်ဘိုးသာက...

သူ့ခယ်မလောင်းမယ်တင့်ဟာဖြင့် မယ်မြင့်လောက်လှမှာမဟုတ်ဘူးနော်လို့ ပြောတဲ့အခါ မယ်မြင့်က ပြုံးပြုံးကလေးလုပ်ရင်း...

"သူ့မြင်တော့ သိမှာပေါ့တော်" လို့ ပြောသတဲ့။ ဒီလိုနဲ့နေကြရင်း တစ်နေ့တော့ မောင်ဘိုးသာဟာ မယ်မြင့်တို့အိမ် ရောက်သွားတော့ သူတို့တစ်အိမ်သားလုံး တလှုပ်လှုပ် တရှုရှုနှင့် ဖြစ်နေတာကို တွေ့ရတယ်။ အကြောင်းကို မေးကြည့်တော့ မယ်မြင့်တို့ အမေကြီးက...

"မယ်တင့်ရယ် ပြန်လာပြီလေ။ မနက်ကပဲ ပြန်ရောက်တယ်။ နောက်ဖေးမှာရှိတယ် ဟော့... မယ်တင့်" လို့ လှမ်းခေါ်လိုက်တော့ နောက်ဖေးက ထူးသံကြားပြီး မယ်တင့်ဟာ အိမ်ရှေ့ကို ရောက်လာသတဲ့။ မယ်တင့်ကို မြင်လိုက်တော့ မောင်ဘိုးသာဟာ အတော်ကြီး အံ့အားသင့်သွားတယ်။ ဘာပြုလို့လဲဆိုတော့ မယ်တင့်ဟာ မယ်မြင့်နဲ့ တစ်ထေရာတည်းတူပြီး ဘယ်လိုမှ ခွဲမရအောင် ဖြစ်နေသတဲ့။ အမယ်ကြီးကရယ်ပြီး...

"မယ်တင့်နဲ့ မယ်မြင့်ဟာ အမြွှာပူးမွေးတာကွဲ့။ ဒါတောင်မှ အခုထက်ထိ သေသေချာချာ ခွဲပြီးမသိဘူး ဟဲ့.. မယ်တင့် အဲဒါညည်းခဲအိုလောင်း မောင်ဘိုးသာလေ" ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆက်ပေးသတဲ့။

"မောင်ဘိုးသာကလည်း မယ်တင့်ကရယ်ပြီးနှုတ်ဆက်တော့ မယ်မြင့်နဲ့ တစ်ထေရာတည်းဖြစ်နေလို့ သာပြီးအံ့ဩသွားပြန်တာပေါ့ကွာ။

"အဲဒီနောက်မှ တို့မောင်ဘိုးသာမှာ တော်တော်ပဲ စိတ်အနှောင့်အယှက်ဖြစ်နေတော့တာပေါ့ကွာ။ သူချစ်တဲ့ ရည်းစားဟာ အခုမှ နှစ်ကိုယ်ခွဲပြီးသားဖြစ်နေတော့ ယောင်ချာချာဖြစ်နေတဲ့အပြင် မယ်တင့်ကလည်း မောင်ဘိုးသာကို တွေ့တော့ ဘာကလိုကိုတိုဆိုတာလိုပေါ့ကွာ။ မင်းတို့သိတဲ့အတိုင်း အဖိုနှင့်အမဆိုတာ တွေ့ဖန်မြင်ဖန်များပြန်တော့လည်း အခက်သားကပဲ"

ဘကြီးပြော့သည် ပြောရင်းနှင့် အရက်တစ်ကျိုက်ကို မော့ချလိုက်ပြီးနောက်...

"မယ်မြင့်လည်း သူညီမနဲ့ သူ့ခင်ပွန်းလောင်း မျက်စိကစားတာ တွေ့မြင်ရတော့ ရိပ်မိပုံရသတဲ့။

"ဒီလိုနဲ့ မကြာခင်ပဲ မယ်မြင့်နဲ့ မောင်ဘိုးသာတို့ မင်္ဂလာဆောင်မယ့်ရက်ဟာ နီးနီးလာတော့တာပေါ့လေ။ တစ်နေ့တော့ သူတို့ရွာသူရွာသားတွေ ရေချိုးနေကျဖြစ်တဲ့ သရက်တိုက်ထဲက ရေကန်ကြီးကို ထုံးစံအတိုင်း ညီအစ်မနှစ်ယောက် ရေချိုးရအောင် သွားကြသတဲ့။ အဲဒီရေကန်ကြီးဟာ အခုလည်း ရှိသားပဲ။ တော်တော်ကျယ်တယ်၊ နက်လည်းတော်တော်နက်တယ်။ သူတို့နှစ်ယောက်သွားပြီး တော်တော်ကြာတော့ မယ်မြင့်ဟာ ထဘီရင်ရှားနဲ့ အူယားဖားယား ပြေးလာပြီး မယ်တင့်ရယ် ရေထဲနစ်သွားတာ ပြန်ပေါ်မလာတော့ဘူး၊ သူလည်း ဆယ်တာမရတော့ဘူးဆိုပြီး ရွာထဲကိုပြေးလာသတဲ့။ ရွာကလူတွေ အပြေးအလွှား လိုက်သွားပြီး ရှာကြတော့ မယ်တင့်အလောင်းကို ရကြတော့တယ်...။

"မိဘတွေလည်း မယ်တင့်ရေနစ်ပြီးသေတော့ သောကပရိဒေဝမီး တောက်လောင်ပြီး ယူကျုံးမရ ဖြစ်ကြရတော့တာပေါ့ကွာ။ မင်္ဂလာဆောင်ကိစ္စကိုလည်း ဘယ်စီမံနိုင်ကြတော့မလဲ။ ရက်ရွှေ့ပြီး ချိန်းလိုက်ရတော့တာပေါ့။

"မောင်ဘိုးသာကတော့ မယ်တင့်ဟာ ရိုးရိုးသေတာ မဟုတ်၊ သူ့ရည်းစား မယ်မြင့်ရယ် မနာလိုဝန်တိုဖြစ်ပြီး တမင်ရေနစ်သတ်တာလို့ စိတ်က သင်္ကာရန့်မကင်းတဲ့အပြင် သူ့မယ်မြင့်ဟာ လင်စိတ်မွှန်ပြီး တော်တော်ရက်စက်တဲ့ မိန်းမပါကလားလို့ စိတ်ထဲကထင်မိသတဲ့။ အဲဒီစိတ်ဟာ သူ့မှာအစွဲကြီးစွဲပြီး နောက်အချိန်အတန်ကြာလို့ မင်္ဂလာတွေဘာတွေ ဆောင်၊ လင်မယားဘဝရောက်သည့်တိုင်အောင် ဖြေဖျောက်လို့ မရနိုင်ဘဲ သူ့မယားဟာ လူသတ်သမားပဲလို့ အောက်မေ့နေတာပေါ့။

"ထင်လည်းထင်စရာပဲလေ။ ကိုယ်ချိုးနေကျရေကန်မှာရသွားပြီးချိုးရင်း နစ်ရတယ်။ နောက်ပြီး အစ်မလုပ်တဲ့လူက မကယ်ဘူး၊ သူ့ရည်းစားနဲ့လည်း မျက်စိကစားတယ်ဆိုတော့ မသင်္ကာစရာ ဖြစ်နေတာပေါ့။

"အဲဒါနဲ့ပဲ မောင်ဘိုးသာနဲ့ မယ်မြင့်တို့ လင်မယားဘဝနဲ့ ငါးနှစ်ကြာသွားတော့ မယ်မြင့်ဟာ အရင်က သမီးရည်းစားဘဝတုန်းကလောက် စိတ်နေသဘောထား မသိမ်မွေ့ဘူးတဲ့။ လူငှားတွေကို ငေါက်ငမ်းပြောဆိုပုံတွေဟာလည်း ရန့်ရင်းကြမ်းတမ်းလာတယ်တဲ့။

"တစ်နေ့တော့ မယ်တင့်ရေနစ်ပြီးသေတဲ့ လလောက်မှာပေါ့။ ညအိပ်ရာထဲမှာ မယ်မြင့်ဟာ အော်ကြီးဟစ်ကျယ်ထပြီး ယောင်သတဲ့။ ဘယ်လိုယောင်သလဲဆိုတော့ 'ညည်းသူ့ကို မယူရဘူး၊ မယူရဘူး' လို့ ယောင်တော့ မောင်ဘိုးသာက ဇကွဲ့ သူ့မိန်းမမယ်မြင့်ဟာ မယ်တင့်ကို အိပ်မက်ထဲမှာ စကားပြောနေတာပဲ။ မုချ မယ်တင့်ကို သေကြောင်းကြံခဲ့တာ အမှန်ပါပဲလို့ ယူဆပြီး စိတ်မချမ်းမသာ ပိုပြီးဖြစ်ရှာတာပေါ့။ အဲဒီလို စိတ်နှလုံး မသာယာပေမဲ့ မယ်မြင့်နဲ့ သူနဲ့ဟာ ငယ်ချစ်တွေဖြစ်ပြီး အင်မတန်ကို စုံစုံမက်မက်နဲ့ ညားလာကြတဲ့ လင်မယားဖြစ်လေတော့ ဒီကိစ္စကိုဖွင့်ဟပြီး မမေးရက်နိုင်ဘူး။ သူ့တစ်ကိုယ်တည်းသာပဲ ကျိတ်ပြီး 'ငါ့မယားဟာ အဆင်းရှိသလောက် သဝန်တိုတယ်၊ ရက်စက်တယ်' လို့ တစ်တွေးတည်းတွေးပြီး နေရရှာသတဲ့ကွယ်။

"မောင်ဘိုးသာမျက်စိထဲမှာ သူ့ခယ်မကလေး မယ်တင့်ရယ် ရေကန်ထဲမှာ မြုပ်ချည်ပေါ်ချည်နဲ့ ဖြစ်နေတာကို မြင်ယောင်နေသတဲ့။ သူ့မိန်းမမယ်မြင့်ရဲ့ ရက်စက်ကြမ်းတမ်းတဲ့အကျင့်နဲ့ ဆက်စပ်ပြီး တွေးကြည့်လိုက်ပြန်တော့ ဒီလို သူ့ရည်းစားနဲ့ မသင်္ကာနေတဲ့ ညီမတစ်ယောက်ကို ရေနှစ်သတ်ဖို့ ဘာဝန်လေးမှာမဟုတ်ဘူးလို့ တွေးမိပြန်လေ သူ့မိန်းမအပေါ်မှာ စိတ်မချမ်းမြေ့လေပေါ့ကွာ။

"ဒီလိုနဲ့ပဲ နောက်ထပ်တစ်နှစ်ကုန်ပြန်ရော မယ်မြင့်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တို့ အိမ်ထောင်သည်ဘဝနဲ့ ခြောက်နှစ်မြောက်လာခဲ့တာပေါ့လေ။ မိုးဦးလေဦးကျဆိုတော့ တောသူတောင်သားပီပီ လယ်ထဲဆင်းကြရပြန်တယ်။ တစ်နေ့မှာ မယ်မြင့်လည်း ကောက်စိုက်သမတွေနဲ့ အတူတူ လယ်ထဲလိုက်သွားသတဲ့။ မိုးကလည်း သည်းလိုက်တာ လွန်ပါရော။ လယ်နဲ့ အိမ်ကလည်း ဝေးတော့ မယ်မြင့်ဟာ အိမ်မပြန်ဘူး။ ညနေစောင်းလောက်မှပဲပြန်တယ်။ ညလည်းရောက်ကရော တစ်ခါတည်း အအေးမိပြီး အပြင်းဖျားရှာတာပဲ။ မောင်ဘိုးသာနဲ့ ဆွေတွေမျိုးတွေဟာ စိုးရိမ်တကြီးဖြစ်ပြီး ကောင်းမယ့်ဆိုတဲ့ ဆရာကိုပင့်ပြီး ကုသကြတယ်။ ဒါပေမဲ့ မယ်မြင့်ရောဂါကတော့ လျော့တယ်လို့မရှိ၊ တိုးလို့သာလာသတဲ့။ နောက်ဆုံး ဆရာကိုမင်းအိုလက်ထဲရောက်တော့ ဆရာက အကဲခတ်ပြီး သည်တောင်က ကျော်နိုင်ပုံမပေါ်တဲ့အကြောင်း တိုးတိုးတိတ်တိတ် ပြောသတဲ့။

"မယ်မြင့်လည်း သတိရတဲ့အခါ ရလိုက်၊ မရတဲ့အခါမှာလည်း ကယောင်ကတမ်းတွေ ပြောလိုက်နဲ့ပေါ့လေ။ တစ်ညနေမှာ မောင်ဘိုးသာကိုခေါ်ပြီး...

"ကိုဘိုးသာ ကျုပ်တော့ မနေရတော့ဘူး၊ ရှင့်ကို မသေခင် ပြောသွားချင်တယ်။ ဟိုကောင်မ ရေထဲမှာ ယက်ကန်ယက်ကန်ဖြစ်နေတုန်းက ကျုပ် ဆယ်မလို့ ကူးတော့ သွားပါသေးရဲ့။ မမီလိုက်တော့ဘူး။ တစ်ခါတည်း မြုပ်သွားတာပဲ။ ဒါပေမဲ့ ကျုပ်ဟာ ဝမ်းတောင်သာခဲ့သေးတယ်။ ဘာလို့လဲသိလား၊ ကျုပ်ချစ်နေတဲ့လူကိုမှ ချစ်နေတဲ့ ကောင်မပဲ။ အဲဒါ ကျုပ်မိုက်တာပဲနော်။ ကျုပ်တွေးမိတိုင်း စိတ်မကောင်းပါဘူး" လို့ ပြောရှာသတဲ့။ အဲသလို မောင်ဘိုးသာက သေခါနီးဆဲဆဲ မယ်မြင့်ပြောစကားကို ကြားလိုက်ရတော့ သူ့မယားကလေးဟာ သူထင်ခဲ့သလို သူ့ခယ်မကို ရေနှစ်သတ်တာမဟုတ်၊ ကယ်ဖို့တောင် အားထုတ်သေးတယ်ဆိုတာသိလို့ ဝမ်းသာသွားသတဲ့။

"ဟာ... မယ်မြင့်ရယ် သူ့ကုသိုလ်နဲ့သူပေါ့ကွာ။ ဒါပေမဲ့ မင်းဟာ ငါ့ကို စုံမက်လွန်းလို့ ညီမတစ်ယောက် သေတာကို မနှမြောမိတာပေါ့။ စိတ်မကောင်းမရှိပါနဲ့ကွာ" လို့ ပြောတော့ မယ်မြင့်ရဲ့ မျက်နှာကလေးဟာ ပြုံးယောင်ယောင်ကလေး ဖြစ်လာပြီး...

"ဩော်... ကိုဘိုးသာ၊ ကိုဘိုးသာ ကျုပ်လည်းသေခါနီးပါပြီ။ မှန်တဲ့အတိုင်း ဖွင့်ပြောပါတော့မယ်။ ကျုပ်ဟာ မယ်မြင့်မဟုတ်ဘူး ရှင်ရဲ့။ မယ်တင့် သိရဲ့လား။ မယ်တင့်ရယ်တော့။ သေတာက ရှင့်ရည်းစား မယ်မြင့်ရယ်၊ ရှင့်ကို ချစ်လွန်း၊ စုံမက်လွန်းလို့ အခုလို ပုံမှားတင်ပြီး မယ်မြင့်ယောင်ဆောင်နေတာ... ရှင်းပလား" လို့ ပြောပြီး သတိမရဖြစ်သွားပြန်ရောတဲ့။

"ကဲ ဘယ်လောက်ဆန်းတဲ့ အချစ်လဲကွာ၊ မယ်တင့်ဟာ သူ့အစ်မ မယ်မြင့်ယောင်ဆောင်ပြီး မောင်ဘိုးသာကို အရယူပြီး သေခါနီးမှ ဖွင့်ပြောခဲ့တယ်။ သူလည်း နောက်တစ်နေ့ သေရှာတာပါပဲ။ ငါလည်း အဲဒီနောက် အိမ်ထောင်နှစ်ဆက်တောင် ရှိပြီ" ဟု ဘကြီးဘိုးပြော့က အဆုံးသတ်ရာ ကျွန်တော်လည်း အံ့အားသင့်လျက်...

"ဟင်... ဘကြီးဘိုးပြော့နဲ့ ဘယ်လိုဆိုင်လို့လဲ" ဟု မေးမိပါ၏။

"ဆိုင်ပါသကောကွ၊ မောင်ဘိုးသာဟာ ငါပေါ့" ဟု ဘကြီးဘိုးပြော့က ဆေးစိမ်အရက်ကို ယူရင်း ပြန်ပြောပါသတည်း။

❖

အတွဲ–၁၊ အမှတ်–၂၊ ၁၉၅၂၊ ဒီဇင်ဘာ၊ မြဝတီမဂ္ဂဇင်း

BURMESE CLASSIC .com
www.burmeseclassic.com